# The Bylaws of St. Anna's Women's Group of Risen Christ Parish, Denver, Co

ရဟန်းတာမ အာနား၏ မိခင်များ အသင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စနစ်

မတ်လ ၃, ၂၀၂၄

Risen Christ Catholic Parish
3060 S.  Monaco Pkwy, Denver, Colorado, 80222

**THE BYLAWS OF ST. ANNA'S WOMEN'S GROUP OF RISEN CHRIST PARISH,**

**DENVER, CO**

# ရဟန်းတာမ အာနား၏ မိခင်များ အသင်း၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စနစ်

## အခန်း (၁) အမည်နာမ

### အပိုဒ် (က)

ကော်လိုရာဒို ပြည်နယ် ဒန်ဗာ ဂိုဏ်းချုပ် သာသနာအတွင်း (Archdiocese of Denver) မြန်မာပြည်ဖွားကက်သလစ် တိုင်းရင်းသားများ ၂၁ ရာစုနှစ်တွင် ဝင်ရောက်အခြေချ၊ နေထိုင်လာကြပါသည်။ မိခင်ရေမြေစွန့်ခွာပြီးနောက်၊ ရေခြား၊ မြေခြား အသစ်သော တိုင်းပြည်၌ အချင်းချင်းအမှီသဟဲ ပြုရန် အမိမယ်တော်၏ မိခင်ဖြစ်သော ရဟန်တာမ အာနား၏ ကူညီစောင့်ရှောက်မှု ဖြင့် ရိုင်းပင်ကူညီ နေထိုင်အသက်ရှင် နိုင်ရန်၊ ပေါက်ဖွားလာသော သားသမီးများ အား ကောင်းမွန်စွာ သွန်သင် လမ်းပြနိုင်ရန် ရဟန်းတာမ အာနား ၏ ကူညီမိုင်းမ မှုဖြင့် **"ရဟန်းတာမ အာနား ၏ မိခင်းများ အသင်း"** ဟု အမည် မှည့်ခေါ်ပါမည်။

### အပိုဒ် (ခ)

အသင်းအဖွဲ့ ၏ ဆုတောင်းမေတ္တာ -

"ကောင်းကင်ဘုံအရှင် ထာဝရ ဘုရား၊ ကျွန်မ တို့ မိခင်များသည်၊ ကိုယ်တော်ရှင် အား ချစ်မြတ်နိုးပြီး၊ ယုံကြည်ခြင်း နှင့် မိမိတို့ နေထိုင်ရာ အဖွဲ့အစည်း တွင် ပိုမို တိုးတက်ကောင်းမွန် လိုသော ဆန္ဒ ဖြင့် စုရုန်းရောက်ရှိလာကြပါသည်။

ကျွန်မတို့ မိခင်တစ်ဦးစီအား ပေးသနားတော်မူသော ထူးခြားသော လက်ဆောင်များ နှင့် ခွန်အားများတွက် ကျေးဇူးတင်အပ်ပါသည်။ အိုထာဝရဘုရား မိတ်သဟာယဖွဲ့ခြင်း နှင့် ကူညီမှုင်းမ မှုတို့ ဖြင့် ကျွန်မ တို့ မိခင်များ အသင်းအား

By Fr. Paul Lin Htut

ကောင်းကြီးပေးသနားတော်မူပါ။ ကျွန်မတို့ ၏ ဖြစ်တည်မှုသည် ဝိညာ ဉ် ရေးသက်တာ ပိုမိုကြီးထွားရန်၊ အချင်းချင်း ရိုင်းပင်ကူညီ နိုင်ရန်၊ အသင်းတော်ကြီးအား တက်နိုင်သည့် ဘက်များမှ ပါဝင်ဆက်ကပ် နိုင်ရန် ဖြစ်ပါသည်။

အိုအဖ၊ ကိုယ်တော်၏ နှုတ်ကပတ်တော် နှင့် အလိုဆန္ဒကို နားလည်၊သဘောပေါက်ရန် ကြိုးပမ်းရာတွင် ဉာဏ်ပညာနှင့် ပိုင်းခြားသိမြင်မှုကို ပေးသနား ပါ။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း မေတ္တာရှိ သော မိခင်များ ဖြစ်စေတော်မူပါ။ ကျွန်မ တို့ ၏ မိသားစုများ၊ အသိုင်းအဝိုင်းများနှင့် ကမ္ဘာကြီးတွင် ကိုယ်တော်၏ အလင်းရောင်အား ထွန်းတောက်ပ စေသော အမျိုးသမီးများ ဖြစ်ရန်ကူညီပေးတော်မူပါ။

သွန်သင်ချက်များကို ဗဟိုပြုနိုင်စေရန် ကျွန်မတို့၏ စကားဝိုင်းများနှင့် လုပ်ဆောင်ချက်များကို လမ်းညွှန်ပေးတော် မူပါ။ စည်းလုံးညီညွတ်မှုနှင့် ညီအစ်မရင်းသကဲ့သို့ စိတ်ဓာတ် မွေးမြူကာ အချင်းချင်း မျှဝေခြင်း၊ နားထောင်ခြင်းနှင့် သင်ယူခြင်းအတွက် လုံခြုံသောနေရာဖြစ်ပါစေ။

ကျွန်မ တို့သည် အချင်းချင်း ထောက်မ၍ ချီးမြှောက်တော်မူသည်အတိုင်း၊ ယုံကြည်ခြင်းနှင့် တပည့်ဖြစ်ခြင်း၏ စံနမူနာဖြစ်သည့် မင်္ဂလာရှိသော အပျိုစင်မာရီအား ကျွန်မတို့ ၏ခရီးတွင် အတူလိုက်ပါရန်နှင့် လမ်းပြရန် ကျွန်ုပ်တို့ တောင်းဆိုပါသည်။ သမီးတို့ ၏ တစ်ဦး ချင်းစီ၏ လိုအပ်ချက်များအား လည်း ပေးသနားတော်မူပါ။

ဤဆုတောင်းချက်များ အား ကျွန်ုပ်တို့၏ သခင်၊ ကယ်တင်ရှင် ခရစ်တော်၏ နာမတော်၌ တောင်းလျှောက် အသနားတော်မြတ်ခံပါသည်။ အာမင်

**မိခင်မယ်တော်၏ မိခင် ရဟန်တာမ အာနား .....**

**.....ကျွန်ုပ်တို့ဖို့ ငှာ ဆုတောင်းတော်မူပါ။**

## အခန်း (၂) အဖွဲ့အစည်း ၏ ရည်ရွယ်ချက်များ

## အပိုဒ်(က) ဝိညာ ဉ် ရေး နှင့် လူမှုရေး

(ကက) ပထမ အရေးကြီးဆုံးသော အဖွဲ့အစည်း၏ ရည်ရွယ်ချက်သည် အဖွဲ့ဝင် မိခင် တစ်ဦးချင်းစီ ၏ ဝိညာ ဉ် ရေး ခိုင်မာတိုးတက်ကောင်းမွန်စေရန်ဖြစ်သည်။

*ရှင်မာတေဦး အခန်းကြီး (၇) အခန်းငယ် (၂၄ - ၂၇) မိမိတို့ ၏ ဝိညာ ဉ် ရေး အိမ်အား ခရစ်တော် ၏ နှုတ်ကပတ်တော် ကျောက်ဆောင်ပေါ်တွင်တည်ဆောက်ရမည်။*

(ကခ) ရင်းနှီးသော မိသားစု စိတ်ဓာတ် နှင့် သာသနာတွင် လည်းကောင်း၊ အဖွဲ့အစည်းတွင် လည်းကောင်း သာရေး၊ နာရေး များ နှင့် ဝိညာ ဉ်ရေးများတွင် တက်နိုင်သည့်ဘက် မှ တက်ကြွစွာပါဝင်ရန်။

*ရှင်မာတေဦး အခန်းကြီး (၂၅) အခန်းငယ် (၃၅ - ၃၆) ငါ သည် မွတ်သိပ် သောအခါ သင်တို့သည် ကျွေး ကြ၏။ ငါ သည် ရေငတ် သောအခါ သင်တို့သည် သောက် ဘို့ပေးကြ၏။ ငါ သည် ဧည့်သည် ဖြစ် သောအခါ သင်တို့သည်ဧည့်သည် ဝတ်ကို ပြုကြ၏။ ငါ သည် အဝတ် အချည်းစည်းရှိသောအခါ သင်တို့သည် အဝတ် နှင့်ဖုံးလွှမ်းကြ၏။ ငါသည် အနာ ရောဂါ စွဲသောအခါ သင်တို့သည်ကြည့်ရှု ပြုစုကြ၏။ ငါသည် ထောင် ထဲမှာ နေ ရသောအခါ သင်တို့သည် ငါ့ ထံသို့ လာ ကြ၏*

## အပိုဒ် (ခ) ဘာသာရေး နှင့် သာသနာရေး

(ခက) သာသနာသည် ဝိညာ ဉ် များအာလုံးအတွက် အာဟာရဖြည့်ပေးနေသော ဖခင်၏ အိမ်တော်ဖြစ်သည်။ သာသနာ၏ လုပ်ငန်းဆောင်တာများ နှင့် သာသနာ၏ ဝန်ပိုးအား ဝိုင်းဝန်းကူထမ်းပိုးရန် တာဝန် ဝတ္တရားရှိသည်။ ထို့ကြောင့် မိခင်အဖွဲ့ဝင် အသင်းသူအသင်းသားများသည် သာသနာ၏ လိုအပ်ချက်နှင့် ရဟန်း ဘုန်းတော် ကြီးများအား တက်နိုင်သည့်ဖက်မှ ထောက်ပံ့ပေးရန်။

*ဉာဏ်ပညာတော်ကျမ်း ခေါ် သုတ္တံကျမ်း အခန်းကြီး (၃) အခန်းငယ် (၉ - ၁၀) သင်သည်ကိုယ်ဥစ္စာ နှင့် အဦးသီးသော အသီးအနှံရှိသမျှကို ထာဝရ ဘုရားအား ပူဇော်လော့။ သို့ပြုလျှင်၊ သင်၏ စပါးကျီတို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာ တန်ဆာတို့သည် အသစ်သော စပျစ်ရည် လျှံလိမ့်မည်။*

By Fr. Paul Lin Htut

(ခခ) အဖွဲ့ဝင်များ သည် ရှိခိုး ဝတ်ပြုရာ ပွဲများ ၌ ပါဝင်ကူညီရန် တို့ဖြစ်သည်။

**အခန်း (၃) အသင်းဝင်တိုင်းလုပ်ရမည့် ဝိညာဉ် ရေးလုပ်ငန်း**

**အပိုဒ် (က)**

ရဟန်းတာမ အာနား နှင့် ရဟန်းတာ ကျော်ကင်း တို့၏ ပွဲနေ့ဖြစ်သည့် ဇူလိုင်လ ၂၆ ရက် တွင် မဏ္ဍားမ ပျက်မကွက်တက်ရမည်။

**အပိုဒ် (ခ)**

တစ်နှစ် ကို (၂) ကြိမ်း ဥပုဒ်စောင့် ရမည်။

**အပိုဒ် (ဂ)**

အခြားလိုအပ်သည်များ အဖွဲ့ဝင်များ နှင့် ဆက်လက် ထပ်မံဆွေးနွေး လုပ်ကိုင်ကြရန်။

**အခန်း (၄) အဖွဲ့ဝင် ခြင်း**

**အပိုဒ် (က)**

၁၈ နှစ် နှင့် ၁၈ နှစ် အထက် မိခင်များ အဖွဲ့ဝင် ရန် နှင့် မဲ ပေး ရွေးကောက် စနစ်တွင် ပါဝင်ရန် တရားဝင်ပါသည်။

**အပိုဒ် (ခ)**

၂၀၂၄ ခုနှစ်အတွင်း အဖွဲ့ဝင်ကြေး အား (၅၀) ဒေါ်လာသတ်မှတ် ထားသည်။ အချိန်ကြာမြင့်သည်နှင့်အမျှ ပြောင်းလဲ နိုင်သည်၊ ဆက်လက် ထားရှိနိုင်သည်။

လစဉ် အစည်းအဝေးတိုင်း တွင် လစဉ် ကြေး (၁၀) ကောက်ခံခြင်းရှိပါသည်။

By Fr. Paul Lin Htut

**အခန်း (၅) ရုံးပိုင်းတာဝန်ခံများ နှင့် ရုံးပိုင်း တာဝန်များ**

**အပိုဒ် (က)**

တာဝန်ခံဘုန်းတော်ကြီး (သို့မဟုတ်) တာဝန်ခံဘုန်းတော်ကြီးမှ လွှဲအပ်ထားသော သူ သည် အဖွဲ့တခုလုံး၏ အဖွဲ့တစ်ခုလုံး ၏ ex officio (လုပ်ငန်းဆောင်တာလမ်းညွှန်) and Spiritual Director (ဝိညာဉ်ရေးလမ်းညွှန်) ဖြစ်သည်။ အားလုံးမှ လေးစားရမည်။

**အပိုဒ် (ခ)**

(ခက) ဥက္ကဌ ၊ (ဒု) ဥက္ကဌ ၊ အတွင်းရေးမှူး ၊ ဘဏ္ဍာထိန်း အဖွဲ့အစည်း ၏ ရုံးပိုင်းတာဝန်ခံများ တာဝန်ရှိသူများ ဖြစ်ကြသည်။ အီစတာပြီးတိုင်း ရွေးကောက် ၍ ချက်ချင်းတာဝန်များ လွှဲယူ တာဝန်စတင်ထမ်းရွက်ရမည်။

(ခခ) ဥက္ကဌ

ဥက္ကဌ သည် အစည်းအဝေးအား ဦးဆောင်သူဖြစ်သည်။
ဥက္ကဌ သည် ပြင်ပအဖွဲ့အစည်းများ နှင့် တွေ့ဆုံသည့်အခါ တွင် မိခင်အသင်းအား ကိုယ်စား ပြုသော ကိုယ်စာလှယ်ဖြစ်သည်။

(ခဂ) ဒု ဥက္ကဌ

ဒု ဥက္ကဌ သည် ဥက္ကဌ ၏ ပျက်ကွက်သည့် အချိန် အတိုင်း ဦးဆောင်မှု အား တာဝန်ယူ ရမည်။
အကယ်၍ ဥက္ကဌ တိမ်းပါးသွားပါက ချက်ချင်းလစ်ဟာ နေသည့် နေရာအား သတ်မှတ်ကာလဆုံးသည်အထိ တာဝန်ယူသွားရမည်။

(ခဃ) အတွင်းရေးမှူး

အစည်းအဝေးတက်ရမည်။ အစည်းအဝေး ၏ မှတ်တမ်းများ မှတ်ယူရမည်။ အဖွဲ့ဝင်များ သိရှိရန် သတင်းပေးရမည် (Website, group chat, etc)။ တာဝန်ခံ ဘုန်းတော်ကြီးအား မှတ်တမ်း

By Fr. Paul Lin Htut

ပေးအပ်ရမည်။ သူမသည် အဖွဲ့၏ ပြန်ကြားရေးများ အား အဓိက လုပ်ဆောင်သူဖြစ်သည်။

(ခင) ဘဏ္ဍာထိန်း

အသင်း၏ ငွေများ အား ဘဏ်တွင် အဖွဲ့အစည်း၏ နာမည်ဖြင့် တာဝန်ခံ (၃) ဦး လက်မှက်များ နှင့် အပ်ထားရမည်။

ငွေ အဝင်၊ အထွက် စာရင်း ပြုစုခြင်း၊ လစဉ် အစည်းအဝေးတိုင်း စာရင်းရှင်းပေးခြင်း များ ပြုလုပ်ပေးရမည်။

သာသနာတွင် တရားဝင်စာအုပ်မှတ်တမ်းများ ထား နိုင်ရမည်။

ရန်ဘုံ ငွေများလာသည့် အခါ၊ တိုးပွားအောင်လုပ်ခြင်း၊ လှူဒါန်းခြင်းများ ပြုလုပ်လာနိုင်ရမည်။

**အခန်း (၆) ဘုတ်အဖွဲ့**

**အပိုဒ် (က)**

ဥက္ကဌ၊ ဒုဥက္ကဌ ၊ အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ တာဝန်ခံ ဘုန်းတော်ကြီး၊ နှင့် လောလောလတ်လတ် ဥက္ကဌနေရာမှ အနားယူ ဥက္ကဌ ဟောင်း (နာယက) တို့သည် ဘုတ်အဖွဲ့ဝင်များ ဖြစ်သည်။ အရေးပေါ် ဆုံးဖြတ်ချက်များ ပြုလုပ်သည်။

**အခန်း (၇) ရွေးကောက်တင်မြှောက်ခြင်းများ**

**အပိုဒ် (က)**

ဖေဖော်ဝါရီ လ တွင် ဥက္ကဌ မှ အဆိုတင်သွင်းမည့် ကော်မတီဝင် ၅ ဦးအား သတ်မှက် ရမည်။ ထိုကော်မတီဝင် ၅ ဦးမှ ရုံးပိုင်း နေရာ တစ်ခုစီ အတွက် ၃ ဦးစီ အမည်အဆိုတင်သွင်းရမည်။ တာဝန်ခံဘုန်းတော်ကြီး၏ အတည်ပြုမှုရယူရမည်။

By Fr. Paul Lin Htut

**အပိုဒ် (ခ)**

မတ်လ တွင် အဆိုတင်သွင်းကော်မတီသည် အတည်ပြုထားသည့် အဆိုတင်သွင်း အမည်များ အား ကြေညာပေးရမည်။

**အပိုဒ် (ဂ)**

ဧပရယ်လတွင် ရွေးကောက် ပွဲနှင့် တာဝန်လွှဲအပ်၊ တာဝန်ယူ မှုများ ပြုလုပ်ရမည်။

**အပိုဒ် (ဃ)**

တစ် နှစ် တစ်ခါ ရွေးကောက်ပွဲ ပြန်လုပ်ရမည်။ (၂) နှစ် ဆက်တိုက် မဲအောင်၍ တာဝန်ထမ်းရွက် နိုင်သည်။ ထို့နောက် တာဝန်မှ အနားယူရမည်၊လွှဲအပ်ပေးရမည်။ နောက်နှစ်များတွင် ပြန်လည်ရွေးကောက်ခံနိုင်သည်။

**အပိုဒ် (င)**

အကယ်၍ တာဝန်ထမ်းဆောင် ကာလအတွင်း ဥက္ကဌ နေရာ မဟုတ်သော၊ အခြားလစ်ဟင်းသည့်နေရာများ အား၊ ဘုတ်အဖွဲ့၏ ဦးဆောင်မှုဖြင့် အရေးပေါ်ဆောင်ရွက်နိုင်သည်။

**အပိုဒ် (စ)**

အထက်ပါ စည်းမျဉ်း စည်းကမ်း များ နှင့် မကိုက်ညီစွာ ဆောင်ရွက် ပါက တာဝန်ခံ ဘုန်းတော်ကြီးသည် အသင်းတော်မှ ပေးတော် (Veto) အာဏာသုံးကာ ပယ်ဖျက်နိုင်သည်။ ထိုအာဏာ သုံးသည့်အခါ သာသနာ၏ တံဆိပ်တုံး အား အသုံးပြု ရမည်။ အသင်းသားများ ၏ စည်းလုံးမှုဖြင့် သက်ဆိုင်ရာ ဆရာတော်ထံ အယူခံဝင်နိုင်သည်။ အပိုဒ် (စ) သည် နောက်ဆုံး အခြေအနေမှသာ ဖြစ်သည်။

By Fr. Paul Lin Htut

**အခန်း (၈) အဖွဲ့အစည်းတည်တံ့ ခိုင်မြဲရေး ဘုံ ဥပဒေ**

**အပိုဒ် (က)**

ဘုရားဗဟိုပြုသည့် အဖွဲ့ဖြစ်ရမည်။
လူ့ကျင့်ဝတ် အားလုံး ပါဝင်သည်။

**အခန်း (၉) အဖွဲ့၏ ဝန်ခံ ကတိ၊ ကဝတ်**

အဖွဲ့ဝင်တိုင်း အထက်ပါ ကတိ၊ကဝတ်များ ပြုရမည်။ အဖွဲ့အစည်းပေါ် သစ္စာစောင့်သိခြင်းရှိရမည်။

| | |
|---|---|
| အဖွဲ့ဝင်အမည်နှင့် လက်မှက် | ဘုန်းတော်ကြီးအမည် နှင့် လက်မှက် |
| ဥက္ကဌအမည် နှင့် လက်မှတ် | အတွင်းရေးမှူးအမည်နှင့်လက်မှက် |

By Fr. Paul Lin Htut